စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စီမံကိန်းဦးစီးဌာန
လယ်ယာစီးပွားနှင့် ကုန်သွယ်မှုဌာနခွဲ

# မြန်မာ့လယ်ယာကဏ္ဍပို့ကုန်နှင့် သွင်းကုန်ဆိုင်ရာ
# အစီရင်ခံစာ တင်ပြခြင်း

## (၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ )

ရက်စွဲ ၊ ၁၇-၁-၂၀၂၂

# မာတိကာ


| | | |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | ရည်ရွယ်ချက် | ၂ |
| ၃။ | (၅) နှစ်တာကာလအတွင်း ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုနှိုင်းယှဉ်ချက် | ၂ |
| ၄။ | ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက် | ၄ |
| ၅။ | လယ်ယာထွက်ကုန်အမယ်အလိုက် တင်ပို့နိုင်မှုအခြေအနေ | ၇ |
| ၆။ | လယ်ယာထွက်ကုန်အမျိုးအစားအလိုက် တင်ပို့နိုင်မှုအခြေအနေ | ၈ |
| ၇။ | ပြည်ပမှသွင်းကုန်တင်သွင်းမှုအခြေအနေ | ၁၂ |
| ၈။ | (၅) နှစ်တာကာလအတွင်း သွင်းကုန်တင်ပို့မှုနှိုင်းယှဉ်ချက် | ၁၂ |
| ၉။ | သွင်းကုန်အုပ်စုအလိုက် တင်သွင်းမှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက် | ၁၃ |
| ၁၀။ | လယ်ယာကဏ္ဍသွင်းကုန်ပစ္စည်းများ၏ တင်သွင်းမှုအခြေအနေ | ၁၄ |
| ၁၁။ | နိဂုံး | ၁၆ |

# မြန်မာ့လယ်ယာကဏ္ဍပို့ကုန်နှင့် သွင်းကုန်ဆိုင်ရာ အစီရင်ခံစာ

## (၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ)

### နိဒါန်း

၁။ မြန်မာ့စိုက်ပျိုးရေးကဏ္ဍသည် ပြည်တွင်းအလုပ်အကိုင်ရရှိမှု၊ ပြည်ပပို့ကုန်တင်ပို့မှုနှင့် ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှုတို့တွင် အဓိကအစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်နေရာ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သော အချက် အလက်များ အရ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ထိ (၁၁) နှစ်တာ ကာလအတွင်း နိုင်ငံ၏ ပို့ကုန်အမယ်အုပ်စု (၇) ခုအနက် လယ်ယာထွက်ပစ္စည်းတင်ပို့မှုမှ နိုင်ငံခြားဝင်ငွေဒုတိယ အများဆုံး(ဇယား-၁) ရရှိနေသည်ကို တွေ့ရှိရသည်။

**ဇယား (၁) – ကုန်စည်အုပ်စုအလိုက် ပို့ကုန်တန်ဖိုးအခြေပြဇယား**

**၂၀၁၁-၂၀၁၂ မှ ၂၀၂၁-၂၂ (ဒီဇင်ဘာလ ၃၁ ရက်အထိ)**

အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ၂၀၁၁-၂၀၁၂ | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈ (Mini Budget) | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ (ယာယီ) | ၂၀၂၁-၂၀၂၂(Mini Budget) ၃၁-၁၂-၂၀၂၁ ထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၂၃၇၂.၅၆ | ၂၆၉၆.၇၄ | ၂၆၆၁.၀၁ | ၂၉၁၉.၆၆ | ၂၆၁၅.၇၇ | ၂၉၂၈.၁၀ | ၃၀၈၇.၁၂ | ၁၂၇၈.၇၆ | ၃၂၆၁.၅၉ | ၃၇၂၅.၇၀ | ၄၆၂၄.၁၃ | ၉၇၆.၂၉ |
| ၂ | တိရိစ္ဆာန်ထွက်ပစ္စည်း | ၉၀.၆၉ | ၃၂.၈၉ | ၁၅.၄၂ | ၈.၂၉ | ၈.၀၁ | ၁၀.၆၃ | ၆၁.၀၀ | ၁၇၈.၃၂ | ၃၆၆.၃၆ | ၁၀၇.၇၄ | ၁၈.၈၁ | ၂.၄၈ |
| ၃ | ရေထွက်ပစ္စည်း | ၇၀၅.၉၁ | ၆၂၄.၁၈ | ၅၁၆.၀၄ | ၄၂၀.၀၄ | ၄၆၉.၅၂ | ၅၈၁.၅၂ | ၆၉၉.၀၄ | ၂၉၈.၁၅ | ၇၃၂.၁၆ | ၈၅၈.၉၆ | ၇၈၅.၀၂ | ၂၃၈.၁၉ |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၈၉၇.၇၁ | ၃၉၉.၀၆ | ၁၃၃၉.၄၆ | ၁၄၉၈.၈၈ | ၉၆၈.၃၅ | ၁၀၁၀.၇၈ | ၁၇၈၄.၀၂ | ၁၀၄၉.၁၈ | ၁၄၆၅.၄၆ | ၁၈၇၀.၈၄ | ၈၉၅.၆၁ | ၁၅၇.၂၇ |
| ၅ | သစ်တောထွက်ပစ္စည်း | ၆၄၁.၉၉ | ၅၉၅.၆၅ | ၉၄၈.၀၃ | ၉၄.၄၀ | ၂၁၂.၄၈ | ၂၄၇.၀၀ | ၂၁၂.၁၂ | ၉၅.၂၁ | ၁၇၄.၇၈ | ၁၅၄.၀၇ | ၁၂၈.၁၂ | ၄၀.၆၀ |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၄၀၈၃.၉၅ | ၄၄၉၂.၈၇ | ၄၆၃၇.၅၀ | ၆၅၂၄.၆၁ | ၅၇၃၄.၄၆ | ၅၄၇၇.၅၁ | ၆၉၇၉.၈၁ | ၄၆၇၂.၅၈ | ၁၀၂၉၀.၉၆ | ၉၉၉၇.၁၉ | ၈၂၂၄.၆၉ | ၂၀၉၇.၉၈ |
| ၇ | အခြားပစ္စည်း | ၃၄၂.၈၀ | ၁၃၅.၆၄ | ၁၀၈၆.၅၀ | ၁၀၅၆.၈၅ | ၁၁၂၈.၂၉ | ၁၇၄၃.၀၀ | ၂၀၆၀.၀၅ | ၁၂၈၈.၈၃ | ၇၆၉.၁၀ | ၉၆၆.၆၀ | ၆၅၈.၀၇ | ၁၉၃.၀၂ |
| | စုစုပေါင်း | ၉၁၃၅.၆၀ | ၈၉၇၇.၀၂ | ၁၁၂၀၃.၉၆ | ၁၂၅၂၃.၇၂ | ၁၁၁၃၆.၈၈ | ၁၁၉၉၈.၅၅ | ၁၄၈၈၃.၁၆ | ၈၈၆၁.၀၃ | ၁၇၀၆၀.၄၂ | ၁၇၆၈၁.၀၉ | ၁၅၃၃၄.၄၄ | ၃၇၀၅.၈၃ |


## ရည်ရွယ်ချက်

၃။ (က) လယ်ယာကဏ္ဍပို့ကုန်ဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များနှင့် စာရင်းဇယားများအား အချိန်နှင့် တပြေးညီ သိရှိနိုင်စေရန်၊

(ခ) မူဝါဒချမှတ်ခြင်းနှင့် သုတေသနစာတမ်းများပြုစုခြင်းတို့အတွက် အထောက်အကူပြုစေရန်။

## (၅) နှစ်တာကာလအတွင်း ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုနှိုင်းယှဉ်ချက်

၄။ ပြီးခဲ့သည့် (၅) နှစ်တာကာလအတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးစုစုပေါင်း အမေရိကန်ဒေါ်လာ (၁၁,၉၉၈.၅၅) သန်းရှိသည့်အနက် လယ်ယာထွက်ကုန်အနေဖြင့် (၂,၉၂၈.၁၀) သန်းရှိခဲ့သည်ကိုတွေ့ရပြီး၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (ယာယီ) တွင် ပြည်ပပို့ကုန်တန်ဖိုးစုစုပေါင်း အမေရိကန်ဒေါ်လာ (၁၅,၃၃၄.၄၄) သန်းတွင် လယ်ယာထွက်ကုန်အနေဖြင့် (၄,၆၂၄.၁၃) သန်းရှိခဲ့သဖြင့် (ဇယား-၁)၊ လယ်ယာထွက်ကုန်ပါဝင်မှုမှာ ရာခိုင်နှုန်းအားဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင်(၂၄%)၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (ယာယီ) တွင် (၃၀%) ရှိခဲ့သောကြောင့် ပါဝင်မှုရာခိုင်နှုန်း (၆%) တိုးမြင့်လာခဲ့ကြောင်း (ဇယား-၂) အရသိရသည်။





ပုံ (၁)။ ၂၀၁၅-၁၆ မှ ၂၀၂၀-၂၁ ထိ ကုန်စည်အုပ်စုအလိုက် ပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်

၆။ သို့ဖြစ်၍ ၂၀၁၆-၁၇ မှ ၂၀၂၀-၂၁ ထိ (၅) နှစ်တာကာလအတွင်း နိုင်ငံ၏ စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ ပမာဏအားဖြင့် အမေရိကန်ဒေါ်လာ (၃,၃၃၅.၉၀) သန်း နှင့် လယ်ယာ ထွက်ကုန် ပို့ကုန်တန်ဖိုးမှာ ဒေါ်လာ (၁,၆၉၆.၀၃) သန်းတိုးတက် (ဇယား-၁) ရရှိခဲ့သည်။

၇။ ၂၀၂၁ ခုနှစ် အောက်တိုဘာ(၁) ရက် မှ ဒီဇင်ဘာ (၃၁) ရက်ထိ စာရင်းများအရ ပြည်ပ ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ (၃,၇၀၅.၈၃) သန်းထိ ရှိသည့်အနက် လယ်ယာထွက်ကုန် ပို့ကုန်တန်ဖိုးမှာ ဒေါ်လာ (၉၇၆.၂၉) သန်းထိ (ဇယား-၁) ပါဝင်ခဲ့ရာ၊ စုစုပေါင်းပို့ကုန်တန်ဖိုး တွင် လယ်ယာထွက်ကုန်ပို့ကုန်တန်ဖိုး ပါဝင်မှုအချိုးမှာ (၂၆)% ထိ (ဇယား-၂) တိုးတက်လာခဲ့ သည်ကို တွေ့ရှိရပါသည်။

၈။ အစီရင်ခံကာလအတွင်း လယ်ယာထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ (၉၇၆.၂၈၅) သန်း၊ တိရစ္ဆာန်ထွက်ပစ္စည်းတင်ပို့မှုမှ ဒေါ်လာ (၂.၄၈၃) သန်း၊ ရေထွက်ပစ္စည်း တင်ပို့မှုမှ ဒေါ်လာ (၂၃၈.၁၉၄) သန်းခန့် ရရှိခဲ့သည့်အတွက် လယ်ယာကဏ္ဍ (လယ်ယာ၊ တိရိစ္ဆာန်နှင့် ရေထွက်ပစ္စည်း) တင်ပို့မှု ပို့ကုန်တန်ဖိုး စုစုပေါင်း ဒေါ်လာ(၁,၂၁၆.၉၆၂) သန်း (ဇယား-၁) ရှိပြီး၊ စုစုပေါင်းပို့ကုန်တန်ဖိုးတွင် လယ်ယာကဏ္ဍပို့ကုန် တန်ဖိုးပါဝင်မှုအချိုးမှာ (၃၃)% ထိ(ဇယား-၂) ရှိလာခဲ့သည်ကို တွေ့ရှိရပါသည်။




ပုံ (၂) ။ ၂၀၁၅-၁၆ မှ ၂၀၂၀-၂၁ ထိ ကုန်စည်အုပ်စုအလိုက် ပို့ကုန်တန်ဖိုးပါဝင်မှု(%)အခြေပြဂရပ်

### ဇယား (၂) – ပို့ကုန်အုပ်စုအလိုက် ပို့ကုန်တန်ဖိုးပါဝင်မှုရာခိုင်နှုန်းအခြေပြဇယား

ပါဝင်မှုရာခိုင်နှုန်း

| စဉ် | အကြောင်းအရာ | ၂၀၁၅-၁၆ | ၂၀၁၆-၁၇ | ၂၀၁၇-၁၈ | ၂၀၁၈ (Mini budget) | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ | ၂၀၂၀-၂၁ (ယာယီ) | ၂၀၂၁-၂၂ ၃၁-၁၂-၂၀၂၁ ထိ |
|---|---|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၂၃% | ၂၄% | ၂၁% | ၁၄% | ၁၉% | ၂၁% | ၃၀% | ၂၆% |
| ၂ | တိရိစ္ဆာန်ထွက်ပစ္စည်း | ၀% | ၀% | ၀.၄% | ၂% | ၂% | ၁% | ၀.၁% | ၀.၀၇% |
| ၃ | ရေထွက်ပစ္စည်း | ၄% | ၅% | ၅% | ၃% | ၄% | ၅% | ၅% | ၆% |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၉% | ၈% | ၁၂% | ၁၂% | ၉% | ၁၁% | ၆% | ၄% |
| ၅ | သစ်တောထွက်ပစ္စည်း | ၂% | ၂% | ၁% | ၁% | ၁% | ၁% | ၁% | ၁% |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၅၁% | ၄၆% | ၄၇% | ၅၃% | ၆၀% | ၅၆% | ၅၄% | ၅၇% |
| ၇ | အခြားပစ္စည်း | ၁၀% | ၁၅% | ၁၄% | ၁၅% | ၅% | ၅% | ၄% | ၅% |
| | စုစုပေါင်း | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% |

## ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက်

၉။ ယခင်နှစ်၊ ကာလတူနှင့်နှိုင်းယှဉ်ပါက ပို့ကုန်တန်ဖိုးစုစုပေါင်းအနေဖြင့် ၂၀၂၁ ခုနှစ် အောက်တိုဘာ(၁) ရက် မှ ဒီဇင်ဘာ (၃၁) ရက်အထိ အမေရိကန်ဒေါ်လာ (၃,၇၀၅.၈၂၅) သန်းရှိရာ ယခင်နှစ် အလားတူကာလတွင် ဒေါ်လာ (၄,၀၂၄.၈၂၃) သန်းရှိခဲ့သည့်အတွက် ယခင်နှစ်အလားတူကာလထက် ဒေါ်လာ (၃၁၈.၉၉၈) သန်း/ (၈) % ခန့် (ဇယား-၃) လျော့နည်းကျဆင်းခဲ့ကြောင်း သိရသည်။

### ဇယား (၃) – ပို့ကုန်အုပ်စုအလိုက် ယခင်နှစ်ကာလတူတင်ပို့နိုင်မှု (နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်) နှိုင်းယှဉ်မှုအခြေအနေ

ဒေါ်လာသန်း

| စဉ် | ပို့ကုန်အုပ်စု | ၂၀၂၁-၂၀၂၂(၃၁-၁၂-၂၀၂၁) | | | ၂၀၂၀-၂၀၂၁(၃၁-၁၂-၂၀၂၀)ထိ | | | တိုး(+)/လျော့(-) | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | % |
| ၁ | လယ်ယာထွက်ပစ္စည်း | | ၉၇၆.၂၉ | ၉၇၆.၂၉ | | ၁၂၃၅.၃၁ | ၁၂၃၅.၃၁ | ၂၂၁၁.၆၀ | -၂၅၉.၀၃ | -၂၅၉.၀၃ | -၂၁% |
| ၂ | တိရိစ္ဆာန်ထွက်ပစ္စည်း | | ၂.၄၈ | ၂.၄၈ | | ၁၄.၈၄ | ၁၄.၈၄ | | -၁၂.၃၅ | -၁၂.၃၅ | -၈၃% |
| ၃ | ရေထွက်ပစ္စည်း | | ၂၃၈.၁၉ | ၂၃၈.၁၉ | | ၂၄၂.၃၄ | ၂၄၂.၃၄ | | -၄.၁၅ | -၄.၁၅ | -၂% |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | | ၁၅၇.၂၇ | ၁၅၇.၂၇ | ၁၈.၄၇ | ၂၉၉.၂၃ | ၃၁၇.၆၉ | -၁၈.၄၇ | -၁၄၁.၉၆ | -၁၆၀.၄၂ | -၅၀% |
| ၅ | သစ်တောထွက်ပစ္စည်း | ၁.၀၁ | ၃၉.၅၉ | ၄၀.၆၀ | ၀.၉၆ | ၃၂.၃၄ | ၃၃.၃၀ | ၀.၀၅ | ၇.၂၅ | ၇.၃၀ | ၂၂% |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၇၄၁.၁၀ | ၁၃၅၆.၈၈ | ၂၀၉၇.၉၈ | ၈၂၄.၄၃ | ၁၂၃၀.၂၀ | ၂၀၅၄.၆၃ | -၈၃.၃၃ | ၁၂၆.၆၈ | ၄၃.၃၅ | ၂% |
| ၇ | အခြား | ၂.၀၀ | ၁၉၁.၀၃ | ၁၉၃.၀၂ | ၂၀.၈၈ | ၁၀၅.၈၃ | ၁၂၆.၇၂ | -၁၈.၈၈ | ၈၅.၁၉ | ၆၆.၃၁ | ၅၂% |
| | စုစုပေါင်း | ၇၄၄.၁ | ၂၉၆၁.၇၂၅ | ၃၇၀၅.၈၃ | ၈၆၄.၇၄ | ၃၁၆၀.၀၉ | ၄၀၂၄.၈၂ | -၁၂၀.၆၄ | -၁၉၈.၃၆ | -၃၁၉.၀၀ | -၈% |


**၁၀။** လက်ရှိဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ ပို့ကုန်တန်ဖိုးစုစုပေါင်းမှာ လျော့နည်းကျဆင်းခဲ့ရာ လယ်ယာထွက်ပို့ကုန်အနေဖြင့် ဒေါ်လာ (၉၇၆.၂၈၅) သန်း ရှိခဲ့ပြီး၊ ယခင်နှစ် အလားတူကာလတွင် ဒေါ်လာ (၁,၂၃၅.၃၁) သန်းရှိခဲ့သဖြင့် ယခင်နှစ်အလားတူ ကာလနှင့် နှိုင်းယှဉ်ပါက ဒေါ်လာ (၂၅၉.၀၃) သန်း၊ တိရစ္ဆာန်ထွက်ပစ္စည်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ (၂.၄၈) သန်းရှိခဲ့ပြီး၊ ယခင်နှစ် အလားတူကာလတွင် ဒေါ်လာ (၁၄.၈၄) သန်းဖြစ်၍ ယခင်နှစ်အလားတူ ကာလနှင့် နှိုင်းယှဉ်ပါက ဒေါ်လာ (၁၂.၃၅)သန်းနှင့် ရေထွက်ပစ္စည်းတင်ပို့မှုမှာ ဒေါ်လာ (၂၃၈.၁၉) သန်း ရှိခဲ့ပြီး၊ ယခင်နှစ် အလားတူကာလတွင် ဒေါ်လာ (၂၄၂.၃၄) သန်းဖြစ်၍ ယခင်နှစ် အလားတူ ကာလနှင့် နှိုင်းယှဉ်ပါက ဒေါ်လာ (၄.၁၅)သန်း (ဇယား – ၃) အသီးသီးလျော့နည်းခဲ့သည်။

၁၁။ စုစုပေါင်းပို့ကုန်တန်ဖိုးတွင် လယ်ယာထွက်ကုန်ပို့ကုန် ပါဝင်မှုရာခိုင်နှုန်း အနေဖြင့်လည်း လက်ရှိဘဏ္ဍာနှစ်တွင် (၂၆%) ဖြစ်ပြီး၊ ယခင်နှစ် အလားတူကာလတွင် (၃၁%) ရှိခဲ့သည့်အတွက် ပါဝင်မှု% အနေဖြင့်(၄)% (ဇယား –၄) လျော့ကျခဲ့သည်ကို တွေ့ရှိရသည်။

**ဇယား (၄) – ပို့ကုန်အုပ်စုအလိုက် ယခင်နှစ်ကာလတူတင်ပို့နိုင်မှုနှင့် နှိုင်းယှဉ်မှုအခြေအနေ**


ဒေါ်လာသန်း

| **ခုနှစ်** | လယ်ယာထွက်ပစ္စည်း | တိရစ္ဆာန်ထွက်ပစ္စည်း | ရေထွက်ပစ္စည်း | သတ္တုတွင်းထွက်ပစ္စည်း | သစ်တောထွက်ပစ္စည်း | စက်မှုကုန်ချောပစ္စည်း | အခြား | **စုစုပေါင်း** | လယ်ယာထွက်ပစ္စည်း % | လယ်ယာကဏ္ဍပို့ကုန် % |
|---|---|---|---|---|---|---|---|---|---|---|
| ၂၀၂၁–၂၂ (Mini Budget) (၃၁–၁၂–၂၀၂၁) | ၉၇၆.၂၉ | ၂.၄၈ | ၂၃၈.၁၉ | ၁၅၇.၂၇ | ၄၀.၆ | ၂၀၉၇.၉၈ | ၁၉၃.၀၂ | ၃၇၀၅.၈၃၂ | ၆% | ၃၂.၈% |
| ၂၀၂၀–၂၁ (၃၁–၁၂–၂၀၂၀) | ၁၂၃၅.၃၁ | ၁၄.၈၄ | ၂၄၂.၃၄ | ၃၁၇.၆၉ | ၃၃.၃ | ၂၀၅၄.၆၃ | ၁၂၆.၇၂ | ၄၀၂၄.၈၂၃ | ၁% | ၃၇.၁% |
| **တိုး(+)/ လျော့(–)** | –၂၅၉.၀၃ | –၁၂.၃၅ | –၄.၁၅ | –၁၆၀.၄၂ | ၇.၃ | ၄၃.၃၅ | ၆၆.၃၁ | –၃၁၉ | –၄% | –၄.၂% |




ပုံ (၃)။ လက်ရှိဘဏ္ဍာနှစ်နှင့် ယခင်ဘဏ္ဍာနှစ် အလားတူကာလ လယ်ယာထွက်ပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဇယား

**၁၂။ လယ်ယာထွက်ပစ္စည်း၊** တိရစ္ဆာန်ထွက်နှင့် ရေထွက်ပစ္စည်းတင်ပို့မှုများပါဝင်သည့် လယ်ယာကဏ္ဍတစ်ခုလုံးအနေဖြင့် ပို့ကုန်တန်ဖိုးမှာ (၁-၁၀-၂၀၂၁ မှ ၃၁-၁၂-၂၀၂၁) ရက်ထိ ဒေါ်လာ(၁,၂၁၆.၉၆၂) သန်း ရှိခဲ့ပြီး၊ ယခင်နှစ်အလားတူကာလတွင် ဒေါ်လာ (၁,၄၉၂.၄၉) သန်းသာ ရှိခဲ့သည့်အတွက် တန်ဖိုးအားဖြင့် ဒေါ်လာ (၂၇၅.၅၃) သန်းခန့် လျော့နည်း ရှိခဲ့ပြီး၊ စုစုပေါင်းပို့ကုန် တန်ဖိုးတွင် လယ်ယာကဏ္ဍပို့ကုန် ပါဝင်မှုရာခိုင်နှုန်းအနေဖြင့် လက်ရှိဘဏ္ဍာနှစ်တွင် (၃၃)% ရှိလာခဲ့ကာ၊ ယခင်နှစ် အလားတူကာလတွင် (၃၇%) ဝန်းကျင်ရှိခဲ့သည့်အတွက် ပါဝင်မှု% အနေဖြင့်လည်း (၄)% ခန့် လျော့နည်းခဲ့သည်ကို (ဇယား-၄) တွေ့ရှိရသည်။




၂၀၂၁-၂၂ (၃၁-၁၂-၂၀၂၁) ထိ　　　　　　　　　　၂၀၂၀-၂၁(၃၁-၁၂-၂၀၂၀) ထိ

ပုံ (၄)။ လက်ရှိဘဏ္ဍာနှစ်နှင့် ယခင်ဘဏ္ဍာနှစ် အလားတူကာလ လယ်ယာထွက်ပို့ကုန်ရာခိုင်နှုန်း နှိုင်းယှဉ်ပြဇယား


## လယ်ယာထွက်ကုန်အမယ်အလိုက် တင်ပို့နိုင်မှုအခြေအနေ

၁၃။ လယ်ယာကဏ္ဍအဓိကပို့ကုန် အမယ် (၅) မျိုးအနေဖြင့် ယခင်နှစ်များကဲ့သို့ပင် ပဲအမျိုးမျိုး၊ ဆန် (ဆန်ကွဲ အပါအဝင်)၊ ပြောင်း၊ နှမ်းနှင့် ရာဘာတို့ဖြစ်ပြီး၊ ယင်းတို့အနက် ပဲတင်ပို့မှုမှ ဒေါ်လာ (၂၉၁.၈၉) သန်း၊ ဆန်နှင့် ဆန်ကွဲတင်ပို့မှုမှ ဒေါ်လာ (၂၁၄.၃၄) သန်း၊ ပြောင်းတင်ပို့မှုမှ ဒေါ်လာ (၁၂၇.၄၄) သန်း၊ နှမ်းတင်ပို့မှုမှ ဒေါ်လာ (၁၃၆.၀၂၀) သန်း နှင့် ရာဘာတင်ပို့မှုမှ ဒေါ်လာ (၁၀၅.၁၅) သန်း အသီးသီးရရှိ ထားကြောင်း၊ အခြားအမယ်တင်ပို့မှုမှ ဒေါ်လာ (၁၀၁.၄၅) သန်းရရှိထားကြောင်း (ဇယား-၅) သိရှိရသည်။

**ဇယား (၅) – အဓိကလယ်ယာထွက်ကုန်အမယ်များ၏ နှစ်အလိုက်တင်ပို့နိုင်မှု အခြေပြဇယား**

ဒေါ်လာသန်း

| စဉ် | ပို့ကုန်အမျိုးအမည် | ၂၀၁၆-၁၇ (ပြီးမှ မတ်) | ၂၀၁၇-၁၈ (ပြီးမှ မတ်) | ၂၀၁၈(Mini Budget) (ပြီး မှ စက်) | ၂၀၁၈-၁၉ (အောက်မှ စက်) | ၂၀၁၉-၂၀ (အောက် မှ စက်) | ၂၀၂၀-၂၁ (ယာယီ) | ၂၀၂၁-၂၂ ၃၁-၁၂-၂၁ ထိ |
|---|---|---|---|---|---|---|---|---|
| ၁ | ဆန်၊ဆန်ကွဲ | ၅၅၃.၉၆ | ၁၁၄၂.၄ | ၃၉၀.၉၁ | ၇၀၉.၆၉ | ၇၉၄.၃၈ | ၇၀၀.၁၃ | ၂၁၄.၃၄ |
| ၂ | ပဲအမျိုးမျိုး | ၁၃၉၈.၉၁ | ၈၈၆.၇၂ | ၃၉၇.၆၁ | ၁၀၂၆.၃၁ | ၁၁၉၅.၈၁ | ၁,၅၇၀.၇၃ | ၂၉၁.၈၉ |
| ၃ | ပြောင်း | ၂၅၂.၅၉ | ၂၉၄.၅၀ | ၈၄.၃၇ | ၂၇၇.၀၈ | ၃၆၈.၃၇ | ၅၃၆.၃၄ | ၁၂၇.၄၄ |
| ၄ | နှမ်း | ၁၄၅.၆၉ | ၁၄၇.၀၆ | ၃၆.၄၄ | ၁၉၃.၆၂ | ၂၇၉.၃၉ | ၃၃၈.၉၈ | ၁၃၆.၀၂ |
| ၅ | ရာဘာ | ၁၉၇.၃၆ | ၁၉၃.၇၅ | ၈၈.၃၆ | ၂၅၇.၇၅ | ၂၆၄.၄၄ | ၄၃.၇၆ | ၁၀၅.၁၅ |
| ၆ | အခြား | ၃၇၉.၅၉ | ၄၂၂.၇ | ၂၈၁.၀၇၄ | ၇၉၇.၁၄ | ၈၂၃.၃၀ | ၁၄၃၄.၁၉ | ၁၀၁.၄၅ |
| | **စုစုပေါင်း** | **၂၉၂၈.၁၀** | **၃၀၈၇.၁၃** | **၁၂၇၈.၇၆** | **၃၂၆၁.၅၉** | **၃၇၂၅.၇** | **၄,၆၂၄.၁၃** | **၉၇၆.၂၉** |




ပုံ (၅) ။ အဓိကလယ်ယာထွက်ကုန်အမယ်များ၏ နှစ်အလိုက်တင်ပို့နိုင်မှု အခြေပြဂရပ်


## လယ်ယာထွက်ကုန်အမျိုးအစားအလိုက် တင်ပို့နိုင်မှုအခြေအနေ


၁၄။ ယခင်ဘဏ္ဍာနှစ် အလားတူကာလဖြင့်နှိုင်းယှဉ်ပါက (၁-၁၀-၂၀၂၁) မှ (၃-၁၂-၂၀၂၁) ထိ အဓိကလယ်ယာထွက်ကုန်အမျိုးအစားလိုက်တင်ပို့နိုင်မှုတွင် ဆန်(ဆန်ကွဲအပါအဝင်) အနေဖြင့် တန်ချိန်ပေါင်း (၄%)တိုးတက်ခဲ့သော်လည်း တန်ဖိုးအနေဖြင့် (၁၂%)လျော့နည်းခဲ့သည်။ ပြောင်း အနေဖြင့် တန်ချိန် (၁၂၂%) နှင့် တန်ဖိုး(၁၆၇%)၊ နှမ်းအနေဖြင့် တန်ချိန် (၁၀%) နှင့် တန်ဖိုး (၄%) အသီးသီးတိုးတက်ရရှိခဲ့ပြီး၊ ၊ ရော်ဘာစိမ်းအနေဖြင့် တန်ချိန် (၁၄%) နှင့် တန်ဖိုး (၁၃%)နှင့် ပဲအမျိုးမျိုးတွင် တန်ချိန် (၁၀%) နှင့် တန်ဖိုး (၁၄%) စီအသီးသီးလျော့နည်းခဲ့ကြောင်း တစ်ဖက် ဖော်ပြပါ အချက်အလက်များ (ဇယား-၆) အရသိရှိရသည်။

# ဇယား (၆) – လယ်ယာထွက်ကုန်ပစ္စည်းအမျိုးအစားအလိုက် ပို့ကုန်တင်ပို့နိုင်မှုအခြေပြဇယား

ဒေါ်လာသန်း

| စဉ် | အကြောင်း အရာ | ရေတွက်ပုံ | ကာလတူ(၃၁-၁၂-၂၀၂၁ရက်နေ့အထိ) | | | |
|---|---|---|---|---|---|---|
| | | | ယခုနှစ် (၂၀၂၁-၂၀၂၂) | ယခင်နှစ် (၂၀၂၀-၂၀၂၁) | ခြားနားချက် | |
| | | | | | ပမာဏ | % |
| လယ်ယာ+တိရစ္ဆာန်+ရေထွက် | | US$ | ၁၂၁၆.၉၆ | ၁၄၉၂.၄၉ | (၂၇၅.၅၃) | -၁၈.၄၆% |
| လယ်ယာထွက်ပစ္စည်း | | US$ | ၉၇၆.၂၉ | ၁,၂၃၅.၃၁ | (၂၅၉.၀၃) | -၂၁% |
| ၁ | ဆန်နှင့်ဆန်ကွဲ | US$ | ၂၁၄.၃၄ | ၂၄၃.၉၄ | (၂၉.၆၀) | -၁၂% |
| | | တန်ချိန် | ၆၆၉,၆၅၉.၁၅ | ၆၄၄,၈၈၀.၂၂ | ၂၄,၇၇၈.၉၃ | ၄% |
| | (က) ဆန် | US$ | ၁၄၄.၉၄ | ၁၆၃.၈၁ | (၁၈.၈၇) | -၁၂% |
| | | တန်ချိန် | ၄၃၈,၉၂၄.၉၀ | ၄၀၈,၁၂၅.၈၇ | ၃၀,၇၉၉.၀၃ | ၈% |
| | (ခ) ဆန်ကွဲ | US$ | ၆၉.၄ | ၈၀.၁၃ | (၁၀.၇၃) | -၁၃% |
| | | တန်ချိန် | ၂၃၀,၇၃၄.၂၅ | ၂၃၆,၇၅၄.၃၅ | (၆,၀၂၀.၁၀) | -၃% |
| ၂ | ပဲအမျိုးမျိုး | US$ | ၂၉၁.၈၉ | ၃၃၉.၈၁ | (၄၇.၉၂) | -၁၄% |
| | | တန်ချိန် | ၃၅၄,၂၁၈.၁၆ | ၃၉၃,၅၉၁.၂၅ | (၃၉,၃၇၃.၀၉) | -၁၀% |
| ၃ | ပြောင်း | US$ | ၁၂၇.၄၄ | ၄၇.၆၈ | ၇၉.၇၆ | ၁၆၇% |
| | | တန်ချိန် | ၅၄၀,၇၀၂.၁၁ | ၂၄၃,၈၉၆.၀၅ | ၂၉၆,၈၀၆.၀၆ | ၁၂၂% |
| ၄ | နှမ်း | US$ | ၁၃၆.၀၂ | ၁၃၀.၆၂ | ၅.၄၁ | ၄% |
| | | တန်ချိန် | ၁၀၃,၇၂၁.၁၁ | ၉၄,၄၈၀.၈၄ | ၉,၂၄၀ | ၁၀% |
| ၅ | ရော်ဘာစိမ်း | US$ | ၁၀၅.၁၅ | ၁၂၀.၅ | (၁၅.၃၅) | -၁၃% |
| | | တန်ချိန် | ၇၁,၄၆၉.၉၆ | ၈၂,၉၁၇.၇၆ | (၁၁,၄၄၇.၈၀) | -၁၄% |
| ၆ | အခြားသီးနှံ | US$ | ၁၀၁.၄၅ | ၃၅၂.၇၇ | (၂၅၁.၃၂) | -၇၁% |
| တိရစ္ဆာန်ထွက်ပစ္စည်း | | US$ | ၂.၄၈ | ၁၄.၈၄ | (၁၂.၃၅) | -၈၃.၃% |
| ရေထွက်ပစ္စည်း | | US$ | ၂၃၈.၁၉ | ၂၄၂.၃၄ | (၄.၁၅) | -၁.၇% |




ပုံ (၆)။ ပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်– ဒေါ်လာသန်း

ပုံ (၇)။ ပို့ကုန်တန်ချိန် နှိုင်းယှဉ်ပြဂရပ်


၁၅။ ပို့ကုန်တင်ပို့မှုတွင် ပဲမျိုးစုံတင်ပို့မှုကို လေ့လာပါက ယခုနှစ်တွင် မတ်ပဲမှာ တန်ချိန် (၁၈၀,၃၅၀)၊ တန်ဖိုးဒေါ်လာ (၁၅၁.၇၁) သန်းဖြင့် အများဆုံးတင်ပို့နိုင်ခဲ့ပြီး၊ ပဲတီစိမ်းမှာ တန်ချိန် (၈၄,၇၃၈.၅၅)၊ တန်ဖိုးဒေါ်လာ (၇၀.၂၆) သန်းဖြင့် ဒုတိယအများဆုံး တင်ပို့နိုင်ခဲ့ပါသည်။ ပဲစဉ်းငုံမှာ တန်ချိန် (၃၁၇၆၉.၇၆)ဖြင့် တန်ဖိုးအားဖြင့် တန်ဖိုးဒေါ်လာ (၂၁.၈၃) သန်းဖြင့် တတိယ အများဆုံးတင်ပို့နိုင်ခဲ့ပြီး၊ မြေပဲဆန်တင်ပို့မှုမှာ တန်ချိန်အားဖြင့် (၂၉,၉၂၈.၃၄) နှင့် တန်ဖိုး ဒေါ်လာ (၂၈.၄၇)သန်း (ဇယား–၇) စတုတ္ထအများဆုံး ရပ်တည်ခဲ့သည်ကို တွေ့ရသည်။

၁၆။ ယခင်ဘဏ္ဍာနှစ် အလားတူကာလဖြင့်နှိုင်းယှဉ်ပါက (၁–၁၀–၂၀၂၁) မှ (၃၁–၁၂–၂၀၂၁) ထိ မတ်ပဲတန်ချိန်(၅၁%) ၊တန်ဖိုး (၄၁%)၊ ပဲတီစိမ်းတန်ချိန် (၃၁%)နှင့် တန်ဖိုး (၂၁%) တိုး တက် တင်ပို့နိုင်ခဲ့ပြီး၊ ပဲစဉ်းငုံ တန်ချိန် (၆၆%) နှင့် တန်ဖိုး (၆၅%)၊ မြေပဲဆန် တန်ချိန် (၅၂%) နှင့် တန်ဖိုး (၆၃%) စီ အသီးသီး လျော့နည်းခဲ့ကြောင်း (ဇယား–၇) ဖော်ပြပါအချက်အလက်များ အရသိရှိရသည်။


## ဇယား (၇) – ပဲအမျိုးမျိုးတင်ပို့နိုင်မှုအခြေပြဇယား

အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် | ကာလတူ (အောက်တိုဘာလ ၁ ရက် မှ ဒီဇင်ဘာ ၃ ရက်နေ့ထိ ) | | | |
|---|---|---|---|---|---|---|---|
| | | | | ယခုနှစ် (၂၀၂၁-၂၀၂၂) | ယခင်နှစ် (၂၀၂၀-၂၀၂၁) | ခြားနားချက် | |
| | | | | | | ပမာဏ | ပမာဏ |
| | ပဲအမျိုးမျိုး | US$ | ၁၅၇၀.၇၃ | ၂၉၁.၈၉ | ၃၃၉.၈၁ | -၄၇.၉၂ | -၁၄% |
| | | တန်ချိန် | ၂၀၂၉၂၅၁.၈၈ | ၃၅၄၂၁၈.၁၆ | ၃၉၃၅၉၁.၂၅ | -၃၉၃၇၃.၀၉ | -၁၀% |
| ၁ | မတ်ပဲ | US$ | ၅၂၆.၇၁ | ၁၅၁.၇၁ | ၁၀၇.၅၄ | ၄၄.၁၇ | ၄၁% |
| | | တန်ချိန် | ၆၇၇၅၂၆.၄၂ | ၁၈၀၃၅၀.၆၄ | ၁၁၉၆၇၅.၃၈ | ၆၀၆၇၅.၂၅ | ၅၁% |
| ၂ | ပဲတီစိမ်း | US$ | ၅၂၅.၄၀ | ၇၀.၂၆ | ၅၈.၀၂ | ၁၂.၂၅ | ၂၁% |
| | | တန်ချိန် | ၆၇၃၁၁၀.၈၈ | ၈၄၇၃၈.၅၅ | ၆၄၇၄၄.၈၄ | ၁၉၉၉၃.၇၁ | ၃၁% |
| ၃ | ပဲစင်းငုံ | US$ | ၁၄၄.၁ | ၂၁.၈၃ | ၆၃.၂၁ | -၄၁.၃၈ | -၆၅% |
| | | တန်ချိန် | ၂၁၄၀၉၁.၆၃ | ၃၁၇၆၉.၇၆ | ၉၂၁၈၆.၂၃ | -၆၀၄၁၆.၄၇ | -၆၆% |
| ၄ | ကုလားပဲ | US$ | ၁၅.၉၈ | ၁.၀၉ | ၁.၂၃ | -၀.၁၄ | -၁၂% |
| | | တန်ချိန် | ၂၇၂၁၂.၇၉ | ၁၅၄၅.၅၆ | ၂၀၈၀.၆၆ | -၅၃၅.၁၀ | -၂၆% |
| ၅ | ပဲလွန်းပြာ | US$ | ၂၈.၃၄ | ၃.၀၉ | ၃.၇၇ | -၀.၆၉ | -၁၈% |
| | | တန်ချိန် | ၄၉၉၆၂.၅၅ | ၃၅၂၂.၉၄ | ၇၈၁၃.၆၉ | -၄၂၉၀.၇၅ | -၅၅% |
| ၆ | မြေထောက်ပဲ | US$ | ၃၈.၀၃ | ၄.၁၆ | ၄.၅၆ | -၀.၄၀ | -၉% |
| | | တန်ချိန် | ၅၃၈၆၃.၃၅ | ၅၅၉၂.၇၁ | ၆၁၁၉.၆၉ | -၅၂၆.၉၈ | -၉% |
| ၇ | ထောပတ်ပဲ | US$ | ၂၅.၆၈ | ၀.၉ | ၄.၄၁ | -၃.၅၁ | -၈၀% |
| | | တန်ချိန် | ၄၅၂၂၅.၅၆ | ၁၅၁၁.၀၁ | ၇၇၂၅.၇၅ | -၆၂၁၄.၇၄ | -၈၀% |
| ၈ | ပဲယင်း | US$ | ၃၃.၄၂ | ၆.၇၂ | ၄.၅၉ | ၂.၁၃ | ၄၆% |
| | | တန်ချိန် | ၆၁၈၉၃.၀၉ | ၁၀၄၄၄.၃၉ | ၉၀၅၁.၇ | ၁၃၉၂.၆၉ | ၁၅% |
| ၉ | ပဲကြီး | US$ | ၁၁.၆၁ | ၀.၁၇ | ၃.၉၉ | -၃.၈၂ | -၉၆% |
| | | တန်ချိန် | ၁၉၄၂၂.၂၁ | ၂၇၇.၇၁ | ၆၆၃၈.၇၇ | -၆၃၆၁.၀၆ | -၉၆% |
| ၁၀ | ပဲကတ္တီပါ (စွန်တာနီ/ပြာ) | US$ | ၁၁.၈၅ | ၀.၇၄ | ၂.၄၈ | -၁.၇၄ | -၇၀% |
| | | တန်ချိန် | ၁၈၅၅၆.၁၃ | ၁၁၉၆.၂၁ | ၃၈၇၆.၆၃ | -၂၆၈၀.၄၂ | -၆၉% |
| ၁၁ | ဘိုကိတ်ပဲ | US$ | ၄.၂၇ | ၁.၆၄ | ၀.၁၆ | ၁.၄၉ | ၉၅၂% |
| | | တန်ချိန် | ၅၁၆၉.၅၄ | ၂၂၃၈.၆၆ | ၃၁၁.၇၉ | ၁၉၂၆.၈၈ | ၆၁၈% |
| ၁၂ | ပဲပုတ်စေ့ | US$ | ၃.၆၅ | ၀.၀၈ | ၀.၇၃ | -၀.၆၅ | -၈၉% |
| | | တန်ချိန် | ၆၁၇၆.၁၆ | ၁၁၅.၀၀ | ၁၃၇၈.၅၀ | -၁၂၆၃.၅၀ | -၉၂% |
| ၁၃ | ပဲနီကြား | US$ | ၄.၅၂ | ၀.၀၄ | ၁.၆၉ | -၁.၆၅ | -၉၈% |
| | | တန်ချိန် | ၉၉၆၆.၅ | ၉၅.၀၀ | ၃၅၈၉.၂၅ | -၃၄၉၄.၂၅ | -၉၇% |
| ၁၄ | နိုင်လွန်ပဲ | US$ | ၂.၄၂ | | ၁.၃၀ | -၁.၃၀ | -၁၀၀% |
| | | တန်ချိန် | ၃၃၄၅.၈၃ | | ၂၀၀၅.၀၀ | -၂၀၀၅.၀၀ | -၁၀၀% |
| ၁၅ | မြေပဲဆံ | US$ | ၁၈၈.၁၈ | ၂၈.၇၅ | ၇၈.၆၉ | -၄၉.၉၄ | -၆၃% |
| | | တန်ချိန် | ၁၅၈၂၄၈.၇၁ | ၂၉၉၂၈.၃၄ | ၆၂၅၃၂.၀၆ | -၃၂၆၀၃.၇၂ | -၅၂% |
| ၁၆ | အခြားပဲ | US$ | ၆.၅၆ | ၀.၇၂ | ၃.၄၅ | -၂.၇၃ | -၇၉% |
| | | တန်ချိန် | ၅၄၈၀.၅၃ | ၈၉၁.၆၉ | ၃၈၆၁.၃၂ | -၂၉၆၉.၆၃ | -၇၇% |




ပုံ (၈)။ ပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်- ဒေါ်လာသန်း




ပုံ (၉)။ ပို့ကုန်တန်ချိန် နှိုင်းယှဉ်ပြဂရပ်

## ဆီထွက်သီးနှံတင်ပို့မှုအခြေအနေ

၁၇။ ဆီထွက်သီးနှံဖြစ်သော မြေပဲဆံနှင့်နှမ်း တင်ပို့မှုကိုလေ့လာပါက **မြေပဲဆံ**တင်ပို့မှုမှာ ယခုနှစ်တွင်တန်ချိန် (၂၉,၉၂၈.၃၄)၊ တန်ဖိုး အမေရိကန်ဒေါ်လာ (၂၈.၇၅)သန်း တင်ပို့နိုင်ခဲ့ပြီး၊ ယခင်နှစ်အလားတူကာလတွင် တန်ချိန်(၆၂,၅၃၂.၀၅၉)၊ တန်ဖိုး ဒေါ်လာ (၇၈.၆၉) သန်း တင်ပို့နိုင်ခဲ့သဖြင့် ယခင်နှစ်ထက် တန်ချိန်အားဖြင့် (၃၂,၆၀၃.၇၂)နှင့် တန်ဖိုး ဒေါ်လာ (၄၉.၉၄) သန်း လျော့နည်းခဲ့ကြောင်း (ဇယား-၇) တွေ့ရသည်။

**နှမ်း**တင်ပို့မှုမှာ ယခုနှစ်တွင် တန်ချိန် (၁၀၃,၇၂၁.၁၁)နှင့် တန်ဖိုး ဒေါ်လာ (၁၃၆.၀၂)သန်း တင်ပို့နိုင်ခဲ့ပြီး၊ ယခင်နှစ်အလားတူကာလတွင် တန်ချိန် (၉၄,၄၈၀.၈၄)နှင့် တန်ဖိုး ဒေါ်လာ (၁၃၀.၆၂) သန်း တင်ပို့ခဲ့သဖြင့် ယခင်နှစ်ထက် တန်ချိန်အားဖြင့် (၉,၂၄၀.၂၆) နှင့် တန်ဖိုး ဒေါ်လာ(၅.၄၁)သန်း တိုးမြှင့်တင်ပို့နိုင်ခဲ့ကြောင်း(ဇယား-၆) တွေ့ရသည်။

## ပြည်ပမှသွင်းကုန်တင်သွင်းမှုအခြေအနေ

### (၅) နှစ်တာကာလအတွင်း သွင်းကုန်တင်ပို့မှုနှိုင်းယှဉ်ချက်

၁၈။ ပြီးခဲ့သည့် (၅)နှစ်တာကာလအတွင်း မြန်မာနိုင်ငံ၏ ပြည်ပမှသွင်းကုန်တင်သွင်းမှု အခြေအနေကို လေ့လာပါက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် သွင်းကုန်တန်ဖိုးစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ (၁၇,၂၁၁.၀၆) သန်းရှိခဲ့ပြီး၊ ၂၀၂၀-၂၀၁ ဘဏ္ဍာနှစ်(ယာယီ)တွင် (၁၄,၆၇၇.၆၆) သန်း ရှိခဲ့သဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ထက် အမေရိကန်ဒေါ်လာ (၂,၅၃၃.၄၀) သန်း (၁၅%) လျော့နည်းလာခဲ့ကြောင်း(ဇယား-၈)အရ သိရသည်။

### ဇယား (၈) – ကုန်စည်ပစ္စည်းများအလိုက်တင်သွင်းမှုတန်ဖိုးအခြေပြဇယား
### ၂၀၁၁-၂၀၁၂ မှ ၂၀၂၀-၂၁ (ဒီဇင်ဘာလ ၃၁ ရက်အထိ)

အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ၂၀၁၁-၂၀၁၂ | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈ (Mini Budget) | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ (ကြို) | ၂၀၂၁-၂၂ (၁-၁၀-၂၀၂၁) မှ (၃၁-၁၂-၂၀၂၁) ထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| (က) | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ | ၃၇၁၈.၀၂ | ၃၈၄၂.၄၅ | ၅၆၉၁.၉၅ | ၈၀၃၇.၅၆ | ၈၂၅၃.၈၉ | ၆၉၁၉.၃၉ | ၆၅၉၀.၄၁ | ၃၄၅၅.၃၄ | ၅၈၆၁.၄၅ | ၇၃၁၅.၃၃ | ၄၇၄၀.၆၇ | ၆၆၅.၆၉ |
| ( ခ ) | လုပ်ငန်းသုံးကုန်ပစ္စည်းများ | ၄၀၇၁.၅၇ | ၃၇၂၈.၈၄ | ၅၆၈၄.၀၃ | ၅၆၈၂.၄၉ | ၄၈၂၀.၇၂ | ၆၁၆၅.၃၆ | ၇၆၈၅.၀၆ | ၃၇၆၅.၈၅ | ၇၃၇၉.၆၉ | ၆၈၇၃.၂၇ | ၅၄၃၃.၈၇ | ၁၄၈၀.၈၉ |
| (ဂ) | လူသုံးကုန်ပစ္စည်းများ | ၁၂၄၅.၄၇ | ၁၄၉၇.၆၂ | ၂၃၈၃.၅၂ | ၂၉၁၃.၁ | ၃၅၀၃.၃၅ | ၄၁၂၆.၃၁ | ၄၄၁၉.၄၃ | ၂၆၄၆.၅၉ | ၄၈၄၅.၄၇ | ၄၈၆၂.၂၆ | ၄၅၀၃.၁၂ | ၈၇၈.၇၂ |
| (ဃ) | CMP | - | - | - | - | - | - | - | - | - | - | - | ၅၀၈.၁၇ |
| | စုစုပေါင်း | ၉၀၃၅.၀၆၃ | ၉၀၆၈.၉၁ | ၁၃၇၅၉.၅၁ | ၁၆၆၃၃.၁၅ | ၁၆၅၇၇.၉ | ၁၇၂၁၁.၀၆ | ၁၈၆၉၄.၉ | ၉၈၆၇.၇၈ | ၁၈၀၈၆.၆ | ၁၉၀၅၀.၉ | ၁၄၆၇၇.၆၆ | ၃၅၃၃.၄၇၁ |

## သွင်းကုန်အုပ်စုအလိုက် တင်သွင်းမှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက်

၁၉။ သွင်းကုန်အုပ်စုအလိုက် တင်သွင်းမှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၂၀၂၁-၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ(၁)ရက်မှ ဒီဇင်ဘာလ (၃၁)ရက်ထိ ဒေါ်လာ (၃၅၃၃.၄၇) သန်း ရှိခဲ့ပြီး ယခင်နှစ် အလားတူကာလတွင် ဒေါ်လာသန်း (၃၉၀၇.၉၅) ရှိခဲ့သဖြင့် ဒေါ်လာသန်း (၃၇၄.၄၈)၊ (၁၀%) (ဇယား-၉) လျော့နည်းတင်သွင်းခဲ့သည်ကို တွေ့ရသည်။

### ဇယား (၉) – ပြည်ပမှသွင်းကုန်တင်သွင်းမှု ကာလတူနှိုင်းယှဉ်ချက်အခြေပြဇယား

အမေရိကန်ဒေါ်လာသန်း

| စဉ် | သွင်းကုန်အုပ်စု | ၂၀၂၁-၂၀၂၂ (Mini Budget) (၁-၁၀-၂၀၂၁) မှ (၃၁-၁၂-၂၀၂၁) ထိ | | | ၂၀၂၀-၂၀၂၁ (၁-၁၀-၂၀၂၀)မှ (၃၁-၁၂-၂၀၂၀) ထိ | | | တိုး(+)/လျော့(-) | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | % |
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | ၂၈.၁၆ | ၆၃၇.၅၃ | ၆၆၅.၆၉ | ၁၀၅.၈၄ | ၁၂၆၅.၃၇ | ၁၃၇၁.၂၁ | -၇၇.၆၈ | -၆၂၇.၈၄ | -၇၀၅.၅၂ | -၅၁% |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | ၂၁.၃၉ | ၁၄၅၉.၅ | ၁၄၈၀.၈၉ | ၂၄.၁၂ | ၁၂၁၀.၂၁ | ၁၂၃၄.၃၃ | -၂.၇၃ | ၂၄၉.၂၉ | ၂၄၆.၅၇ | ၂၀% |
| ၃ | လူသုံးကုန်ပစ္စည်း | ၃.၆၃ | ၈၇၅.၀၉ | ၈၇၈.၇၂ | ၈.၈၂ | ၈၁၇.၅၈ | ၈၂၆.၄ | -၅.၁၉ | ၅၇.၅၁ | ၅၂.၃၁ | ၆% |
| ၄ | CMP | | ၅၀၈.၁၇ | ၅၀၈.၁၇ | | ၄၇၆.၀၂ | ၄၇၆.၀၂ | | ၃၂.၁၆ | ၃၂.၁၆ | ၇% |
| | စုစုပေါင်း | ၅၃.၁၈ | ၃၄၈၀.၂၉ | ၃၅၃၃.၄၇ | ၁၃၈.၇၈ | ၃၇၆၉.၁၈ | ၃၉၀၇.၉၅ | -၈၅.၆ | -၂၈၈.၈၈ | -၃၇၄.၄၈ | -၁၀% |

၂၀။ ကုန်စည်အုပ်စုလိုက်တင်သွင်းမှုအနေဖြင့် ယခုနှစ်တွင် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း တင်သွင်းမှုမှာ ဒေါ်လာ (၁,၄၈၀.၈၉) သန်း ဖြင့် အများဆုံးနှင့် လူသုံးကုန်ပစ္စည်းတင်သွင်းမှုမှာ ဒေါ်လာ (၈၇၈.၇၂) သန်း ဖြင့် ဒုတိယအများဆုံး တင်သွင်းခဲ့သည်ကိုတွေ့ရပြီး ယခင်နှစ်အလားတူ ကာလတွင် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း တင်သွင်းမှုမှာ ဒေါ်လာသန်း (၁,၃၇၁.၂၁) ဖြင့် အများဆုံး၊

လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းတင်သွင်းမှု ဒေါ်လာသန်း(၁,၂၃၄.၃၃) ဖြင့် ဒုတိယအများဆုံး (ဇယား-၉) တင်သွင်းခဲ့သည်ကို တွေ့ရသည်။

## လယ်ယာကဏ္ဍသွင်းကုန်ပစ္စည်းများ၏ တင်သွင်းမှုအခြေအနေ

၂၁။ အဓိကကုန်သွင်းကုန် (၁၁)မျိုးအနက် လယ်ယာကဏ္ဍသွင်းကုန်ဆိုင်ရာ ကုန်ပစ္စည်းများ၏ တင်သွင်းမှုအခြေအနေမှာ စားအုန်းဆီ တန်ချိန် (၁၆၉,၁၃၂)၊ တန်ဖိုးဒေါ်လာ (၂၁၉.၆၃) သန်း၊ ဓာတ်မြေသြဇာ တန်ချိန် (၂၈၀,၁၈၀)၊ တန်ဖိုး ဒေါ်လာ (၁၃၂.၄၉၉) သန်း၊ ဂျုံစေ့ တန်ချိန် (၈၄,၈၀၈)၊ တန်ဖိုး (၃၁.၁) သန်းနှင့် ဂျုံမှုန့် တန်ချိန် (၁,၄၅၄)၊ တန်ဖိုး (၀.၆၄) သန်း ပါခဲ့သည်ကို တစ်ဖက်ပါ(စာရင်းဇယား -၁၀)အရ သိရှိရပါသည်။

၂၂။ မြန်မာနိုင်ငံမှတင်သွင်းသည့် အဓိကကုန်စည်အမယ် (၁၁)မျိုးအနက် လယ်ယာကဏ္ဍသွင်းကုန်ဆိုင်ရာ ကုန်ပစ္စည်းဖြစ်သည့် စားအုန်းဆီမှာ ယခင်နှစ်ထက် တန်ချိန်(၅၂,၆၀၀) လျော့နည်းတင်သွင်းခဲ့သော်လည်း တန်ဖိုးအားဖြင့် ဒေါ်လာ (၄၁.၅၂) သန်းတိုးမြင့်လာခဲ့သည်ကို တွေ့ရသည်။ အခြားကုန်စည်များဖြစ်သော ဂျုံမှုန့် မှာ တန်ချိန် (၃,၉၄၆)၊ တန်ဖိုး ဒေါ်လာ (၁.၀၉) သန်း လျော့နည်းခဲ့သည်။ ဂျုံစေ့မှာ တန်ချိန် (၆၅)၊ တန်ဖိုး ဒေါ်လာ (၇.၆၂) သန်းတိုးမြင့် တင်သွင်းခဲ့သည်။ ဓာတ်မြေသြဇာမှာ တန်ချိန် (၅၇,၃၄၉)လျော့နည်းခဲ့သော်လည်း တန်ဖိုးအားဖြင့် ဒေါ်လာ (၄၉.၉၂) သန်း တိုးမြင့်ခဲ့သည်ကို (ဇယား -၁၀) တွေ့ရသည်။


**ဇယား (၁၀) အဓိကကုန်ပစ္စည်း(၁၁)မျိုး၏ တင်သွင်းမှုအခြေပြဇယား**


အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ကာလတူ (အောက်တိုဘာလ ၁ ရက် မှ ဒီဇင်ဘာလ ၃၁ ရက်နေ့ထိ) | | | |
|---|---|---|---|---|---|---|
| | | | ယခုနှစ် (၂၀၂၁-၂၀၂၂) | ယခင်နှစ် (၂၀၂၀-၂၀၂၁) | ခြားနားချက် | |
| | | | | | ပမာဏ | % |
| | **စုစုပေါင်း** | **US$** | ၁၂၄၉.၁၈၈ | ၁၀၅၁.၁၆၂ | ၁၉၈.၀၂၆ | ၁၉% |
| ၁ | ဒီဇယ် | US$ | ၃၇၂.၄၂၁ | ၂၈၁.၆၀၁ | ၉၀.၈၂ | ၃၂% |
| | | တန် | ၅၆၁၃၅၂. | ၇၆၆၈၄၀ | -၂၀၅၄၈၈. | -၂၇% |
| ၂ | ဓါတ်ဆီ | US$ | ၃၈၅ | ၁၆၆.၄၁၂ | ၂၁၈.၆၇၇ | ၁၃၁% |
| | | တန် | ၄၈၈၆၅၆. | ၄၀၀၈၁၆ | ၈၇၈၄၀. | ၂၂% |
| ၃ | စားအုန်းဆီ | US$ | ၂၂၀ | ၁၇၈.၁၀၈ | ၄၁.၅၂၃ | ၂၃% |
| | | တန် | ၁၆၉၁၃၂. | ၂၂၁၇၃၂ | -၅၂၆၀၀. | -၂၄% |

အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ကာလတူ (အောက်တိုဘာလ ၁ ရက် မှ ဒီဇင်ဘာလ ၃၁ ရက်နေ့ထိ) | | | |
|---|---|---|---|---|---|---|
| | | | ယခုနှစ် (၂၀၂၁-၂၀၂၂) | ယခင်နှစ် (၂၀၂၀-၂၀၂၁) | ခြားနားချက် | |
| | | | | | ပမာဏ | % |
| ၄ | မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်း | US$ | ၈၁.၈၅ | ၂၇၉.၉၄၄ | -၁၉၈.၀၉ | -၇၁% |
| | | စီး | ၂၄၁၈ | ၁၁၂၁၃ | -၈၇၉၅ | -၇၈% |
| | လူစီးယာဉ် | US$ | ၃၃.၄ | ၈၅.၆၃ | -၅၂.၂၃ | -၆၁% |
| | | စီး | ၁၅၉၇ | ၅၄၄၀ | -၃၈၄၃ | -၇၁% |
| | ဘတ်စ် | US$ | ၀.၄၉ | ၅.၆၅ | -၅.၁၅ | -၉၁% |
| | | စီး | ၃၄ | ၃၀၀ | -၂၆၆ | -၈၉% |
| | ထရပ် | US$ | ၂.၉၇ | ၂၈.၀၃ | -၂၅.၀၇ | -၈၉% |
| | | စီး | ၂၃၃ | ၂၆၁၀ | -၂၃၇၇ | -၉၁% |
| | ယန္တယား | US$ | ၃၃.၆၄ | ၁၂၈.၀၀ | -၉၄.၃၇ | -၇၄% |
| | | စီး | ၅၅၄ | ၂၈၆၃ | -၂၃၀၉ | -၈၁% |
| | ယာဉ်အပိုပစ္စည်း | US$ | ၁၁.၃၆ | ၃၂.၆၄ | -၂၁.၂၈ | -၆၅% |
| ၅ | ဘိလပ်မြေ | US$ | ၅.၄၂ | ၁၃.၇၉ | -၈.၃၇ | -၆၁% |
| | | တန် | ၆၇၈၃ | ၁၈၄၉၁၆ | -၁၁၇၀၈၂ | -၆၃% |
| ၆ | ဓာတ်မြေသြဇာ | US$ | ၁၃၂.၅ | ၈၂.၅၈ | ၄၉.၉၂ | ၆၀% |
| | | တန် | ၂၈၀၁၈၀ | ၃၃၇၅၂၉ | -၅၇၃၄၉ | -၁၇% |
| ၇ | ဂျုံစေ့ | US$ | ၃၁.၀၉၆ | ၂၃.၄၈ | ၇.၆၂ | ၃၂% |
| | | တန် | ၈၄၈၀၈ | ၈၄၇၄၃ | ၆၅ | ၀% |
| ၈ | ဂျုံမှုန့် | US$ | ၀.၆၄ | ၁.၇၃ | -၁.၀၉ | -၆၃% |
| | | တန် | ၁၄၅၄ | ၅၄၀၀ | -၃၉၄၆ | -၇၃% |
| ၉ | နို့ဆီ | US$ | ၅.၁၆ | ၅.၉၃ | -၀.၇၇ | -၁၃% |
| | | တန် | ၃၉၅၇ | ၅၂၄၁ | -၁၂၈၄ | -၂၄% |
| ၁၀ | နို့စိမ်း | US$ | ၅.၁၂ | ၉.၅၁ | -၄.၃၉၄ | -၄၆% |
| | | တန် | ၃၉၂၆ | ၇၈၇၇ | -၃၉၅၁ | -၅၀% |
| ၁၁ | နို့မှုန့် | US$ | ၁၀.၂၆ | ၈.၀၈ | ၂.၁၈ | ၂၇% |
| | | တန် | ၂၈၈၃ | ၃၅၀၀ | -၆၁၇. | -၁၈% |




ပုံ(၁၀)။ သွင်းကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်- ဒေါ်လာသန်း)

ပုံ(၁၁)။ သွင်းကုန်တန်ချိန် နှိုင်းယှဉ်ပြဂရပ်

**၂၃။** အခြားတင်သွင်းကုန်များဖြစ်သည့် နို့ဆီမှာ တန်ချိန် (၃,၉၅၇)၊ တန်ဖိုးဒေါ်လာ (၅.၁၆) သန်း၊ နို့စိမ်းမှာ တန်ချိန် (၃,၉၂၆)၊ တန်ဖိုးဒေါ်လာ (၅.၁၂) သန်းနှင့် နို့မှုန့်မှာ တန်ချိန် (၂, ၈၈၃)၊ တန်ဖိုးဒေါ်လာ (၁၀.၂၆) သန်း စီပါရှိခဲ့ကြောင်း သိရှိရပါသည်။

## နိဂုံး

၂၄။ မြန်မာနိုင်ငံ၏ ပို့ကုန်တင်ပို့မှု(လယ်ယာထွက်ကုန်ပို့ကုန်အခြေအနေ၊ ပဲမျိုးစုံ တင်ပို့နိုင်မှု) အခြေအနေနှင့် တင်သွင်းမှု (ကုန်ပစ္စည်းအုပ်စုအလိုက်တင်သွင်းမှု) အခြေအနေများအား သိရှိနိုင်ပါရန် ပြုစုတင်ပြအပ်ပါသည်။

**ဈေးကွက်သတင်းဌာနစိတ်**